Myanmar Peace Monitor

# Weekly News Review

Issue 124, 27 September - 3 October 2023



# အာဏာသိမ်းစစ်အုပ်စု၏
# အန်ုစိသော လှုပ်ရှားမှု

# အာဏာသိမ်းစစ်အုပ်စု၏ အန်စီအေ လှုပ်ရှားမှု

## နိဒါန်း

လာမည့် အောက်တိုဘာ ၁၅ ရက်နေ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ထိုးခြင်း (၈)နှစ်ပြည့်သောနေ့ ဖြစ်သည်။ စစ်အာဏာသိမ်းမှုကြောင့် ရပ်တန့်သွားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို NCA အရ အာဏာသိမ်းစစ်အုပ်စုမှ အလေးအနက်ဖက်တွယ်ထားသကဲ့သို့ NCA စာချုပ်ကို ဆုတ်ကိုင်ကာ အာဏာသိမ်းစစ်အုပ်စုနှင့် သွားရောက်တွေ့ဆုံနေကြသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့(ERO) တချို့လည်း ရှိနေပါသည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် ERO (၈)ဖွဲ့နှင့် စတင် လက်မှတ်ရေးထိုးခဲ့သည့် (၈)နှစ်ပြည့် အန်စီအေ NCA နေ့ အခမ်းအနားပြုလုပ်နိုင်ရေးအတွက် အာဏာသိမ်းစစ်အုပ်စု၏ လှုပ်ရှားမှုများကို လေ့လာတင်ပြသွားပါမည်။




# NCA ဟူသည်...

“The Nationwide Ceasefire Agreement” ဟူသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EROs) အကြား ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဖြစ်ပြီး ၎င်းစာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် အစိုးရကိုယ်စားလှယ် (၉) ဦးနှင့် ERO (၈) ဖွဲ့မှ ကိုယ်စားလှယ် ၂၄ ဦးတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ပြင် ပြည်တွင်းအသိသက်သေ (၂၁) ဦးနှင့် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂတို့မှ ကိုယ်စားလှယ်များက နိုင်ငံတကာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြသည်။ အမေရိကန်၊ ယူကေ၊ နော်ဝေ၊ ဩစတြေးလျ၊ ကနေဒါ၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် စသော နိုင်ငံပေါင်း ၃၀ ကျော်မှ သံအမတ်များကလည်း တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြပါသည်။

NCA စာချုပ် မူကြမ်းအား တရားဝင်ဆွေးနွေးရာတွင် ပါဝင်ခဲ့သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (NCCT) အဖွဲ့ဝင် ERO (၁၆) ဖွဲ့ အနက်မှ (၇) ဖွဲ့၊ NCCT အဖွဲ့ဝင်မဟုတ်သော ERO တစ်ဖွဲ့ စုစုပေါင်း ERO (၈) ဖွဲ့နှင့် အစိုးရအကြား လက်မှတ်ရေးထိုးခဲ့သည့် NCA ကို “8CA”သာ ဖြစ်ကြောင်း ဝေဖန်မှုများ ရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင်တော့ နောက်ထပ် ERO နှစ်ဖွဲ့နှင့် အစိုးရအကြား NCA အတွက် လက်မှတ်ရေးထိုးခဲ့သဖြင့် NCA လက်မှတ်ရေးထိုးသည့် ERO (၁၀) ဖွဲ့ အထိ ရှိလာခဲ့သည်။

အခန်း (၇) ခန်း၊ အပိုဒ် (၃၃) ပိုဒ်ပါဝင်သည့် NCA စာချုပ်သည် “ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဦးတည်သည်” ဟု နိဒါန်းချီထားပြီး နိုင်ငံရေးဆိုင်ရာ အချက်အလက် (၃၅) ချက်၊ စစ်ဘက်ဆိုင်ရာ အချက်အလက် (၅၅) ချက်၊ လူမှုစီးပွားဘဝနှင့် သက်ဆိုင်သည့် အချက်အလက် (၂၃) ချက် ပါဝင်သည်ကို တွေ့ရှိရသည်။ NCA လမ်းကြောင်းအရ ဖြစ်တည်လာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပြည်ထောင်စု ငြိမ်းချမ်း

ရေးညီလာခံ - ၂၁ ရာစုပင်လုံအစည်းအဝေးများ ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ခုအထိရရှိကာ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများတွင် အတည်ပြုနိုင်ခဲ့သည်။ ထိုမှတဆင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး၊ ဖြည့်စွက်ရေးသို့ ဦးတည်ခဲ့ခြင်း ဖြစ်သည်။



## ၂၀၂၀ အလွန် NCA ဦးတည်ရာ...

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၉ ရက်မှ ၂၃ ရက်၊ စစ်အာဏာမသိမ်းခင် နောက်ဆုံးအကြိမ် ကျင်းပခဲ့သော ၂၁ ရာစု ပင်လုံစတုတ္ထအကြိမ်အစည်းအဝေးတွင် ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး (၃) ရပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုလို ပြောဆိုခဲ့ပါသည်။

"၂၀၂၀ အလွန် ရှေ့ဆက်မယ့် ငြိမ်းချမ်းရေး ပထမလုပ်ငန်းစဉ်ကတော့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှစ်ရပ်ကို ဒွန်တွဲဖော်ဆောင်ခြင်းပဲဖြစ်ပါတယ်။ ဒုတိယလုပ်ငန်းစဉ်ကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်နှစ်ရပ်ကို ပူးတွဲဖော်ဆောင်ခြင်းပဲ ဖြစ်ပါတယ်။ တတိယလုပ်ငန်းစဉ်ကတော့ ပထမလုပ်ငန်းစဉ်နဲ့ ဒုတိယလုပ်ငန်းစဉ်တွေကနေ ထွက်ပေါ်-လာတဲ့သဘောတူညီချက်တွေကို အခြေခံပြီးဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်"။

ပထမလုပ်ငန်းစဉ်အဖြစ် NCA လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များရရှိရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ပြီး NCA လက်မှတ်ရေးထိုးပြီးသားအဖွဲ့များနှင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရန်အပြင် ရရှိထားသည့် ပြည်ထောင်စုသဘောတူစာချုပ်ပါ အခြေခံမှုများနှင့်အညီ တိုင်းရင်းသားအခွင့်အရေးများ မြှင့်တင်ပေးနိုင်ရေး၊ ဖက်ဒရယ်ကိုဦးတည်သော ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများ၊ တန်းတူရေးကိုရှေးရှုသော အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရမည် ဖြစ်သည်။

> အပစ်ရပ် ERO များ အပြင် NCA လက်မှတ် ရေးထိုးထားခြင်းမရှိသည့် ERO တချို့ကိုပါ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေပါသည်

ဒုတိယလုပ်ငန်းစဉ်အဖြစ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများကို ဆက်လက်ဆွေးနွေးညှိနှိုင်းပြီး အားလုံးသဘောတူလက်ခံသည့် ပြည်နယ်များ၏ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ်ကို ရှာဖွေကြရမည်ဖြစ်သည်။ ထို့ပြင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖက်ဒရယ် တည်ဆောက်ရေးဖော်ဆောင်ရာတွင် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်မည့်အစီအစဉ်များ၊ ယန္တရားများနှင့် လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ရေးကို ဆွေးနွေးညှိနှိုင်းကြရမည်ဖြစ်သည်။ တတိယလုပ်ငန်းစဉ်တွင်တော့ နိုင်ငံရေးအရသဘောတူညီမှုများကို လုပ်ငန်းအဆင့်ဆင့်တွင် တတ်သိပညာရှင်များပါဝင်စေပြီး NCA ပါ လမ်းပြမြေပုံနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်သည်။

## စစ်အုပ်စု၏ NCA လှုပ်ရှားမှု

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်၊ စစ်အာဏာသိမ်းမှုစတင်စဉ်ကတည်းက အထက်ဖော်ပြပါ NCA နှင့် NCA အရ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လုံးဝ ရပ်တန့်သွားခဲ့သည်။ အာဏာသိမ်းစစ်အုပ်စုနှင့် သွားရောက်တွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်နေသည့် NCA လက်မှတ်ထိုးထားသည့် အပစ်ရပ်အဖွဲ့များ၏ ခေါင်းဆောင်များကိုယ်တိုင်သည်ပင် ၎င်းတို့နှင့် စစ်ကောင်စီအကြား တွေ့ဆုံဆွေးနွေးမှုများသည် NCA လုပ်ငန်းစဉ်အရ တွေ့ဆုံဆွေးနွေးနေကြခြင်းမဟုတ်ကြောင်း ပြောဆိုရှင်းလင်းထားကြပါသည်။

သို့သော် အာဏာသိမ်းစစ်အုပ်စုကမူ ၎င်းတို့၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် "တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"ဟု ထည့်သွင်းဖော်ပြကာ အပစ်ရပ် ERO များအပြင် NCAလက်မှတ်ရေးထိုးထားခြင်းမရှိသည့် ERO တချို့ကိုပါ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေပါသည်။

NCA (၈) နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားအတွက် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တာဝန်ယူထားပြီး "၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် အဓိပ္ပာယ်ရှိရှိ အနှစ်သာရ ပြည့်ဝစွာဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း" စစ်ကောင်စီက သတင်းထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ဦးဆောင်သော အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(NSPNC)နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အကြား



တွေ့ဆုံကာ NCA (၈) နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပနိုင်ရေးကိစ္စ အပေါ် အလေးအနက်ထားဆွေးနွေးခဲ့သည်ဟု ဆိုပါသည်။ [1]

၂၀၂၃ ခုနှစ် ဩဂုတ်လ (၃၀)ရက်၊ အပစ်ရပ် ERO (၅) ဖွဲ့နှင့် NSPNC အကြား တွေ့ဆုံမှုတွင်လည်း "NCA (၈) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို နိုင်ငံရေးအဓိပ္ပာယ်ပြည့် ဝစွာကျင်းပနိုင်ရေး" ဆွေးနွေးခဲ့ကြောင်း စစ်ကောင်စီက ထုတ်ပြန်ထားပါသည်။ [2] အဆိုပါ အပစ်ရပ်အဖွဲ့ (၅)ဖွဲ့တွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)၊ ငြိမ်းချမ်းရေးကောင်စီ (KPC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) တို့ ပါဝင်ကြောင်း သိရပါသည်။

အာဏာသိမ်းစစ်အုပ်စုသည် NCA (၈)ပြည့်အခမ်းအနားကို ဖိတ်စာ (၃)မျိုးဖြင့် ဖိတ်ကြားထားပြီး NCA လက်မှတ်ရေးထိုးခဲ့သည့် လူပုဂ္ဂိုလ်များ၊ NCA လက်မှတ်ရေးထိုးခဲ့ သည့် အဖွဲ့အစည်းများမှ တစ်ဖွဲ့လျှင် ကိုယ်စားလှယ် (၅) ဦးစီနှင့် အခမ်းအနားပြီးလျှင် ပြုလုပ်မည့်အလုပ်ရုံဆွေးနွေးပွဲအတွက် NCA လက်မှတ်ထိုးထားသည့် အဖွဲ့များမှ တစ်ဖွဲ့လျှင် (၃)ဦးစီ တက်ရောက်ရန်ဟုဆိုကာ ဖိတ်ကြားထားသည်ဟု ဆိုပါသည်။ [3]

## သုံးသပ်တင်ပြချက်

အာဏာသိမ်းစစ်အုပ်စုမှ ဦးဆောင်ပြုလုပ်မည့် NCA (၈)နှစ်ပြည့်အခမ်းအနားတွင် ဦးသိန်းစိန်အစိုးရလက်ထက်တွင် NCA လက်မှတ်ရေးထိုးစဉ်က ဦးသိန်းစိန်အပါအဝင်

1 NSPNC နှင့် RCSS ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ http://rb.gy/9jz8c

2 NSPNC နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့ (ALP၊ DKBA ၊ KNU/KNLA-PC၊ LDU၊ PNLO) တွေ့ဆုံ http://rb.gy/663t4

3 PNLO နာယက ဗိုလ်မှူးကြီး ခွန်ဥက္ကာနှင့် အမေးအဖြေ http://rb.gy/qiwij

**“ ကရင်အမျိုးသားအစည်းအရုံး (KNU) (ဥက္ကဌဟောင်း) စောမူတူးစေးဖိုးအား တွေ့ဆုံကာ NCA လက်မှတ်ရေးထိုးခဲ့သည့် “ကရင်တိုင်းရင်းသားခေါင်းဆောင်”ဟု ဆိုကာ ... ”**

အစိုးရကိုယ်စားလှယ်များနှင့် ERO (၈) ဖွဲ့မှ လက်မှတ်ရေးထိုးခဲ့သူများကို မြင်တွေ့ရနိုင်သည်။ သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရလက်ထက်အတွင်း NCA လက်မှတ်ရေးထိုးခဲ့သည့် အစိုးရကိုယ်စားလှယ်၊ အထူးသဖြင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ကို ဦးဆောင်သူဒေါက်တာတင်မျိုးဝင်းတို့ကိုမူ မြင်တွေ့ရနိုင်ချေနည်းသည်ဟု ဆိုရပါမည်။

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏စစ်အာဏာသိမ်းမှုအား ဆန့်ကျင်သော ERO အစုအဖွဲ့များကိုချဉ်းကပ်ရာတွင် အဖွဲ့အစည်းလိုက် စည်းရုံး၍မရရှိပါက လူပုဂ္ဂိုလ်အလိုက် ချဉ်းကပ်လေ့ရှိသည်ကို တွေ့ရသည်။ ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်ကလည်း ကရင်အမျိုးသားအစည်းအရုံး (KNU) (ဥက္ကဌဟောင်း) စောမူတူးစေးဖိုးအား တွေ့ဆုံကာ NCA လက်မှတ်ရေးထိုးခဲ့သည့် “ကရင်တိုင်းရင်းသားခေါင်းဆောင်”ဟုဆိုကာ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံမှုကို သတင်းထုတ်ပြန်ခဲ့ပါသည်။

ဆိုရသော် အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ စစ်အာဏာသိမ်းရန် ကြိုးပမ်းနေမှုအား အောင်မြင်ရေးအတွက် NCA စာချုပ်အား ဗန်းပြကာ လက်မှတ်ရေးထိုးထားသည့် ERO များကို ထိန်းချုပ်ထားရန် ကြိုးပမ်းနေသကဲ့သို့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကဲ့သို့သော လူကြိုက်များသည့် သည်းချေကြိုက်စကားလုံးများကို အသုံးပြုကာ NCA လက်မှတ်မထိုးထားသော ERO များကို စည်းရုံးသိမ်းသွင်းလျက်ရှိသည်။

လာမည့် အောက်တိုဘာ ၁၅ ရက်၊ စစ်အုပ်စု၏ NCA(၈)နှစ်ပြည့်အခမ်းအနားတွင် မြင်တွေ့ရမည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းကိုယ်စားလှယ်များ စသည်တို့၏ ပုံရိပ်များသည် အာဏာသိမ်းစစ်အုပ်စု၏ NCA လှုပ်ရှားမှုတစိတ်တဒေသမျှသာ ဖြစ်နိုင်ပြီး နွေဦးတော်လှန်ရေး၏ ဦးတည်ရာဖြစ်သော စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် သက်ရောက်မှုတစုံတရာ ရှိနိုင်မည်မဟုတ်ကြောင်း ရှုမြင်သုံးသပ်ရပါသည်။

# ရှာငံဒေသခံ အမျိုးသမီးတစ်ဦး စစ်ကောင်စီ၏ ဖမ်းဆီးစစ်ဆေးမှုခံရစဉ်အတွင်း ကိုယ်ဝန်ပျက်ကျ




၄ အောက်တိုဘာ ၂၀၂၃

ရှမ်းပြည်တောင်ပိုင်း၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်၊ ပဲရင်းတောင်ကျေးရွာတွင် နေထိုင်သည့် စစ်ဘေးရှောင် အမျိုးသမီးတစ်ဦး စစ်ကောင်စီတပ်ဖွဲ့၏ ဖမ်းဆီးစစ်ဆေးမှုကြောင့် ကိုယ်ဝန်ပျက်ကျခဲ့ကြောင်း ၎င်းနှင့်နီးစပ်သူများက ပြောသည်။

ကိုယ်ဝန်ပျက်ကျသွားသည့် စစ်ဘေးရှောင်အမျိုးသမီးမှာ အသက် ၃၀ အရွယ် မပိုးဥဆိုသူဖြစ်ပြီး ပင်းတယမြို့၊ ဆင်ခေါင်းရပ်ကွက်ရှိ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်တွင် ခိုလှုံနေချိန် စက်တင်ဘာလ ၂၉ ရက်နေ့ ညနေပိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့၏ ဖမ်းဆီးခံလိုက်ရခြင်း ဖြစ်ကြောင်း ၎င်းနှင့်နီးစပ်သူက ပြောပါသည်။

စစ်ကောင်စီတပ်က မပိုးဥ၏ခင်ပွန်းဖြစ်သူ ကိုဝင်းကျော်ကို မတွေ့သောကြောင့် ဇနီးဖြစ်သူမပိုးဥကို ဖမ်းဆီးသွားခြင်းဖြစ်ပြီး ဖမ်းဆီးစစ်ဆေးနေချိန်မှာပင် ၃ လသားအရွယ် ကိုယ်ဝန်ပျက်ကျသွားခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

မပိုးဥ ဖမ်းဆီးစစ်ဆေးခံရချိန် အခြေအနေနှင့်ပတ်သတ်ပြီး ဓနုဒေသအတွင်း စစ်ရေးလှုပ်ရှားနေသော ဓနုပြည်သူ့လွတ်မြောက်ရေးတပ်ဦး (DPLF) ပြန်ကြားရေးတာဝန်ခံ ကိုထွန်းထွန်းနိုင်က အခုလို ပြောသည်။

"ရှာငံရဲစခန်းကို ဖမ်းခေါ်သွားတာ။ ဒါပေမယ့် ရဲစခန်းမှာ သွေးတွေဆင်းပြီးတော့မှ ကိုယ်ဝန်ပျက်ကျတယ်လို့ပြောတယ်။ အဲဒီအချိန်မှာ သူတို့က ပင်းတယ ပြန်ပို့ပေးတယ်ပြောတယ်။ ပိုက်ဆံညှစ်တာတော့ မရှိဘူး" ၎င်းက ဆိုသည်။

ယင်းနောက် မပိုးဥသည် စက်တင်ဘာ ၃၀ ရက်နေ့ ညပိုင်း၌ ပြန်လွတ်မြောက်လာခဲ့ပြီး လတ်တလောတွင် ဆေးကုသမှု ခံယူနေရသည်ဟု ၎င်းနှင့်နီးစပ်သူများက ပြောသည်။

မပိုးဥတို့ ဇနီးမောင်နှံကို စစ်ကောင်စီက ဖမ်းဆီးသည့် အကြောင်းအရင်းနဲ့ ပတ်သက်၍ DPLF ပြန်ကြားရေးတာဝန်ခံ ကိုထွန်းထွန်းနိုင်က ယခုကဲ့သို့ ပြောသည်။

"တော်လှန်ရေးမှာပါတယ်ဆိုတဲ့ ပုံစံနဲ့ ဖမ်းတာပါ။ သူတို့က ပင်းတယမှာစစ်ရှောင်နေတာ အဲဒီကတည်းကပေါ့။ အဲမှာကို သူတို့(စစ်ကောင်စီ)က အခုမှ သတင်းအစအန ရှာပြီးတော့မှ တွေ့ပြီးတော့ လိုက်ဖမ်းတာပေါ့" ၎င်းက ပြောဆိုသည်။


ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့က ရှာငံမြို့နယ်၊ ပဲယင်းတောင်ကျေးရွာမှ အမျိုးသား ၉ ဦးကို စစ်ကောင်စီတပ်နှင့် လက်အောက်ခံ ပျူစောထီးများက ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။ ယင်းကဲ့သို့ ဖမ်းဆီးသတ်ဖြတ် ခံခဲ့ရပြီးနောက် ပဲယင်းတောင်ကျေးရွာမှ ဒေသခံပြည်သူ လူဦးရေ ၄၀၀ ကျော် ရွာလုံးကျွတ်နီးပါးသည် လက်ရှိ အချိန်အထိ ဘေးလွတ်ရာတွင် ထွက်ပြေးတိမ်းရှောင်နေရဆဲ ဖြစ်သည်ဟု ပြောဆိုကြသည်။

BNI-MPM


# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ စက်တင်ဘာလ ၂၇ ရက်မှ အောက်တိုဘာလ ၃ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (ERO)များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၃၀ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၁ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့် အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။




တစ်ပတ်အတွင်း မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှု **၃၀**




# စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

၂၇စက်တင်ဘာ – ၃ အောက်တိုဘာ ၂၀၂၃

**၁၃၀** စစ်ကောင်စီတပ်သားသေဆုံးမှု

**၃** ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု


**၃၈** အရပ်သားသေဆုံးမှု





## ၂၅၂၀၀ စစ်ဘေးရှောင်အရေအတွက် (၂၇စက်တင်ဘာ – ၃အောက်တိုဘာ ၂၀၂၃)



# စစ်ကိုင်း




မုံရွာ၊ ယင်းမာပင်၊ ကလေး၊ ဟုမ္မလင်း၊ ဒီပဲယင်း၊ အရာတော်၊ မုံရွာ၊ ပုလဲ၊ ကောလင်းနှင့် ချောင်းဦးမြို့နယ်များတွင် စစ်ကောင်စီတပ်၊ ရှမ်းနီ အမျိုးသားများတပ်မတော် (SNA) နှင့် ဒေသအလိုက် PDF တို့ အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၀ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ် ရေးတပ်မှ ၃ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ယင်းမာပင်နှင့် ဆားလင်းကြီး မြို့နယ်များတွင် စစ်ကောင်စီတပ်သားများ တိုက်ခိုက်ခံရပြီး ၅ ဦး သေဆုံး ခဲ့သည်။ စစ်ကောင်စီတပ်သားများ၏ ပစ်ခတ်မှုကြောင့် ကလေး၊ ဒီပဲယင်း နှင့် ပုလဲမြို့နယ်များမှ ဒေသခံပြည်သူ ၁၂ ဦး သေဆုံးခဲ့သည်။ စက်တင် ဘာလ ၂၇ ရက်နေ့က အင်းတော်မြို့နယ်၊ ပင့်တင်ရွာ ကျောင်းထိုင် ဘုန်းကြီးဆရာတော် အရှင်ဉာဏိက ဆိုသူသည် အမည်မသိလက်နက် ကိုင်တပ်ဖွဲ့၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည်။ [1] ထို့အပြင် စစ်ကောင်စီတပ်စစ်ကြောင်းထိုးလာသောကြောင့် ဟုမ္မလင်း နှင့် ဒီပဲယင်းမြို့နယ်များ မှ ဒေသခံ ပြည်သူ ၁၃၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။






1 အင်းတော်မြို့နယ် ပင့်တင်ရွာ ကျောင်းထိုင်ဘုန်းကြီး အသတ်ခံရ https://tinyurl.com/youu4vqa

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၆ ရက်


# မကွေးတိုင်း

ရေစကြို၊ မြိုင်၊ ပခုက္ကူနှင့် ပေါက်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁၉ ဦး သေဆုံးခဲ့သည်။ ထို့အပြင် အောက်တိုဘာလ ၁ ရက်နေ့က မြိုင်မြို့နယ်မှာ ပြည်သူများကို ဖမ်းဆီးနိုပ်စက်နေသည့် စစ်ကောင်စီ စစ်ကြောင်း ပုံးကြဲတိုက်ခိုက်ခံရပြီး ၁ ယောက် သေဆုံး၍ ၁၇ ယောက်ခန့် ဒဏ်ရာရရှိခဲ့သည်။ [2] စက်တင်ဘာလ ၁၁ ရက်နေ့က ဂန့်ဂေါမြို့နယ်၊ ဟံသာဝတီကျေးရွာအနီး တောရကျောင်းမှာ တပါးတည်းကျောင်းစောင့်နေသည့် သက်တော် ၄၀ နှစ်အရွယ် ကိုရင်ကြီး (ခေါ်) ခေါင်းပြားကို ကုက္ကားကျေးရွာမှ ပျူစောထီးများ ဖမ်းဆီးသွားခဲ့ပြီးနောက် ၁၇ ရက်အကြာမှာ အရိုးအပိုင်းအစများကိုသာ ပြန်တွေ့ခဲ့ရသည်။ [3]








2 မြိုင်နှင့်ပခုက္ကူနည်းပညာတက္ကသိုလ်တို့မှ စစ်ကောင်စီတပ်များ စနိုက်ဘာ၊ ဒရုန်းများဖြင့် တိုက်ခိုက်ခံရ https://tinyurl.com/yo2lobva
3 ဂန့်ဂေါမှာ ပျူတွေဖမ်းသွားတဲ့ သံဃာတပါးကို ၂ ပတ်ကျော်အကြာမှာ အရိုးတွေသာ ပြန်တွေ့ https://tinyurl.com/25lq498h





# ပဲခူးတိုင်း

ညောင်လေးပင်၊ ပေါင်းတည်နှင့် ကြို့ပင်ကောက်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၅၃ ဦး သေဆုံးခဲ့သည်။ အောက်တိုဘာလ ၃ ရက်နေ့က ပဲခူးမြို့ရှောင်လမ်း၊ ဆည်မြောင်းလမ်းနှင့် မြို့ရှောင်လမ်းဆုံထောင့် ၁၉ လမ်းနားမှာရှိသည့် ပင်မထောက်ပံ့ပို့ဆောင်ရေးတပ်ကို သွားရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၁ ဦးသေဆုံးပြီး ၂ ဦးဒဏ်ရာရခဲ့သည်။[4] ထို့အပြင် စစ်ကောင်စီတပ်ပစ်ခတ်မှုကြောင့် ညောင်လေးပင်နှင့် ရွှေကျင်မြို့နယ်များမှ ဒေသခံပြည်သူ ၄ ဦး သေဆုံးခဲ့သည်။ စက်တင်ဘာလ ၃၀ ရက်နေ့က တောင်ငူမြို့နယ်မှာ စစ်ကောင်စီတပ်နှင့်ပေါင်းပြီး သစ်များခိုးထုတ်နေသည့် အမျိုးသား ၃ ဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ၂ ဦး သေဆုံး၍ ၁ ဦး ဒဏ်ရာရရှိခဲ့သည်။[5] စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ပြီး နေအိမ်များကို မီးရှို့နေသောကြောင့် မင်းလှနှင့် ညောင်လေးပင် မြို့နယ်များမှ ဒေသခံပြည်သူ ၂၀၀၀ ကျော် ဘေးလွတ်ရာတိမ်းရှောင်နေရသည်။





4 ပဲခူးမြို့ရှောင်လမ်းရှိ စစ်ကောင်စီထောက်ပို့တပ် တိုက်ခိုက်ခံရပြီး သေဆုံးဒဏ်ရာရသူများရှိ https://tinyurl.com/2x5wogrz

5 တောင်ငူမှာ စစ်တပ်နဲ့ပေါင်းပြီး သစ်ခိုးထုတ်နေတဲ့ အမျိုးသား ၃ ဦး သေနတ်ပစ်ခံရလို့ ၂ ဦးသေ https://tinyurl.com/yv9aoj6o




# ရှမ်း (သျှမ်း) ပြည်နယ်

စက်တင်ဘာလ ၂၇ ရက်နေ့က လားရှိုးမြို့ရှိ DENKO ပန့်ဆီဆိုင်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ပြည်သူ ၂ ဦးထက် မနည်း သေဆုံးကာ ၁၂ ဦးခန့် ထိခိုက်ဒဏ်ရာရခဲ့သည်။[6] ထို့အပြင် စက်တင်ဘာလ ၃၀ ရက်နေ့က မူဆယ်မြို့နယ်၊ နမ့်အွမ်ကျေးရွာအုပ်စု ကောင်းဝိန်းကျေးရွာအနီးတွင် ရေခဲချောင်းရောင်းချနေသည့်အမျိုးသားတစ်ဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပွဲချင်းပြီးသေဆုံးခဲ့သည်။ [7]





6 လားရှိုးမြို့ DENKO ဆီဆိုင် ဗုံးပေါက်ကွဲ၊ ၂ ဦးထက်မနည်း သေဆုံး ထိခိုက်ဒဏ်ရာရသူများပြား https://tinyurl.com/25udkzco

7 မူဆယ်မြို့နယ်အတွင်း ရေခဲချောင်းရောင်း အမျိုးသားတစ်ဦး သေနတ်ပစ်သတ်ခံရ https://tinyurl.com/ylzb4hpr




# တနင်္သာရီတိုင်း


ပုလောနှင့်တနင်္သာရီမြို့နယ်များမှာ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ တပ်သား ၇ ဦး သေဆုံးခဲ့သည်။ ထို့အပြင် စက်တင်ဘာလ ၃၀ ရက်နေ့က ထားဝယ်အကျဉ်းထောင်မှ အကျဉ်းသား ၅ ယောက်ကိုခေါ်ပြီး ထားဝယ်မြို့နယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ဇီးကျကျေးရွာတွင် ရာဘာထင်းများသွားသယ်ခိုင်းသည့်တပ်ကြပ်တဦးနှင့် ဒုတပ်ကြပ်တဦး အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ပြီး အကျဉ်းသား ၅ ဦး ထွက်ပြေးလွတ်မြောက်ခဲ့သည်။[8] စက်တင်ဘာလ ၂၉ ရက်နေ့က ပုလောမြို့နယ်၊ ရှပ်ပုံကျေးရွာအုပ်စုမှ ဒေသခံ ၁ ယောက်ကို စစ်ကောင်စီတပ်သားများက ပစ်သတ်ခဲ့ပြီး ဒေသခံ ၂ ယောက်ကို ဖမ်းဆီးသွားခဲ့သည်။[9] စက်တင်ဘာလ ၂၉ ရက်နေ့က စစ်ကောင်စီတပ်၏ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများကြောင့် တနင်္သာရီမြို့နယ်အတွင်းမှ ဒေသခံရွာသား ၂၀၀ ကျော် ဘေးလွတ်ရာတိမ်းရှောင်နေရသည်။ [10]




8 ထားဝယ်ထောင်ဝန်ထမ်း ၂ ဦး အသတ်ခံရပြီး အကျဉ်းသား ၅ ဦးထွက်ပြေးသည့်ကိစ္စ စစ်ဆေးနေ https://tinyurl.com/yspzketl


9 ပုလောဒေသခံ ၁ ဦးကို စစ်ကောင်စီပစ်သတ်ပြီး ၂ ဦးကိုဖမ်းဆီးသွား https://tinyurl.com/ylx53czx

10 တနင်္သာရီမြို့နယ်တွင် စစ်ကောင်စီတပ်၏ လက်နက်ကြီးပစ်ခတ်မှုများကြောင့် စစ်ရှောင်ဦးရေ ၂၀၀ ကျော် ထပ်တိုးလာ https://tinyurl.com/ymq3gshb





# ကချင်

တနိုင်း၊ မိုးမောက်နှင့် ဖားကန့်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)၊ ရက္ခိုင်တပ်တော်(AA) ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂ ဦး သေဆုံးခဲ့သည်။ အောက်တိုဘာလ ၃ ရက်နေ့က ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စုတွင်ဆိုင်ကယ်ဖြင့် အချဉ်ပေါင်း လိုက်လံရောင်းချသူ ကိုသန်းမင်းထိုက်ဆိုသူ အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ [11]





11 ဖားကန့်တွင် အရပ်သားဈေးသည် ၁ ဦး ပစ်သတ်ခံရ https://tinyurl.com/yv3j86bd




# မန္တလေး

အောက်တိုဘာလ ၂ ရက်နေ့က စဥ့်ကူးမြို့နယ်၊ ညောင်ဝန်းကျေးရွာအနီး မတ္တရာ-မိုးကုတ်ကားလမ်းပေါ်မှာ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲတွင် ပျူစောထီး အမျိုးသား ၂ ဦး ထိခိုက်ဒဏ်ရာ ရခဲ့ပြီး Non CDM ကျောင်းဆရာမ ၁ ဦး နှင့် ဆိုင်ကယ်ဖြင့် သွားလာနေသည့် အရပ်သား အမျိုးသား ၁ ဦး သေဆုံးခဲ့သည်။ [12] စက်တင်ဘာလ ၂၇ ရက်နေ့က မတ္တရာမြို့နယ်၊ ရေနံသာ ရဲစခန်းကို ပြည်သူ့ကာကွယ်ရေးတပ်က Fixed Wing ဒရုန်းဖြင့် ၃ ကြိမ် ဗုံးသီးချတိုက်ခိုက်ခဲ့ရာ ရဲဝန်ထမ်း ၁ ဦး သေဆုံးပြီး ၄ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ [13] ထို့အပြင် မြင်းခြံနှင့် နွားထိုးကြီးမြို့နယ်များတွင် စစ်ကောင်စီတပ် သတင်းပေး ၄ ဦး နှင့် ကြံ့ခိုင်ရေးပါတီဝင် ၄ ဦးကို ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။ စက်တင်ဘာလ ၂၇ ရက်နေ့မှ စတင်ပြီး စစ်ကောင်စီတပ်က ရေကြောင်းမှ အင်အားအများအပြားဖြင့် စစ်ကြောင်းထိုးနေသောကြောင့် မတ္တရာနှင့်စဥ့်ကူးမြို့နယ်များမှ ဒေသခံ ၁၀၀၀၀ နီးပါး ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။ [14]




12 မတ္တရာ-မိုးကုတ်ကားလမ်းပေါ်မှာ ပျူစောထီးကားတိုက်ခိုက်ခံရ https://tinyurl.com/yp9mnph2


13 မုံရွာတွင် စစ်ကောင်စီတပ် တိုက်ခိုက်ခံရပြီး မတ္တရာ ရေနံသာရဲစခန်း ဒရုန်းဖြင့် တိုက်ခိုက်ခံရ https://tinyurl.com/2des2dh3

14 မတ္တရာနယ်နဲ့ စဥ့်ကူးနယ်ကို ဧရာဝတီမြစ်ကြောင်းအတိုင်း စစ်တပ်က စစ်ကြောင်းထိုးနေ https://tinyurl.com/23y76vzo



# မွန်


စက်တင်ဘာလ ၃၀ ရက်နေ့က ရေးမြို့နယ်၊ ကံလှကျေးရွာအနီးတွင် ခလရ ၅၉၁ ဒုတပ်ရင်းမှူးနှင့်အဖွဲ့ကို ပြည်သူ့ကာကွယ် ရေးတပ်က ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဒုတပ်ရင်းမှူးအပါအဝင် ၃ ယောက် သေဆုံးခဲ့သည်။ [15] ထို့အပြင် အောက်တိုဘာလ ၃ ရက် နေ့က သထုံမြို့နယ်၊ ကြာပန်းကျေးရွာမှာ စစ်တပ်အငြိမ်းစား ဗိုလ်ကြီးဦးဝင်းနောင်ကိုဆိုသူအား ပြည်သူ့ကာကွယ်ရေးတပ်က ပစ်ခတ်ရှင်းလင်းခဲ့သည်။ [16]





မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁ ရက်

# ချင်း

စက်တင်ဘာလ ၂၇ ရက်နေ့က ကန်ပက်လက်မြို့နယ်ထဲမှာ စစ်ကောင်စီတပ်ဖွဲ့များ တပ်စွဲထားသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ပညာရေးရုံးတို့ကို ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့သည်။တိုက်ပွဲဖြစ်ပွားစဉ်အတွင်းမှာစနိုက်ပါဖြင့်ချိန်ရွယ်ပစ်ခတ်ခဲ့သောကြောင့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၃ ဦးသေဆုံး၍ အများအပြား ဒဏ်ရာ ရရှိခဲ့သည်။ [17]




15 ရေးမြို့နယ် ခလရ ၅၉၁ ဒုတပ်ရင်းမှူးနှင့်အဖွဲ့ ပစ်ခတ်ရှင်းလင်းခံရ https://tinyurl.com/yk73xaa9


16 သထုံတွင် အငြိမ်းစား ဗိုလ်ကြီးဟောင်း ၁ ဦး ပစ်သတ်ခံရ https://tinyurl.com/yttljdsg

17 ကန်ပက်လက် စစ်ကောင်စီရုံး ၂ ခု တိုက်ခိုက်ခံရ၊ တော်လှန်ရေးအဟန့်အတားဖြစ်စေမည့် လုပ်ရပ်များကို CDF-ပလက်ဝ အရေးယူမည် https://tinyurl.com/2855pcle




# ရန်ကုန်

အောက်တိုဘာလ ၂ ရက်နေ့က ကျောက်တန်းမြို့နယ်၊ အရှေ့ပိုင်းရပ်ကွက် ငွေသောင်ယံကွက်သစ်ရှိ နေအိမ်တလုံးမှာ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည့် သားအဖ နှစ်ယောက်ကို တွေ့ရှိခဲ့သည်။ [18]





မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်




# ကရင်

အောက်တိုဘာလ ၁ ရက်နေ့က မြဝတီမြို့နယ်၊ ရွှေအေးမြိုင်ဘုရားကုန်းမှာ တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့များကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ ကော်ဘရာစစ်ကြောင်း ၂၊ VENOM စစ်ကြောင်း၊ တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များက ပြောက်ကျားစနစ်ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်သား ၃ ဦး သေဆုံးခဲ့သည်။[19] ထို့အပြင် အောက်တိုဘာလ ၂ ရက်နေ့က မြဝတီမြို့မှာ ကမ္ဘောဇဘဏ်ခွဲ မန်နေဂျာ ဦးတင်မောင်အေးဆိုသူသည် အမည်မသိ သေနတ်သမားနှစ်ယောက်က ပစ်ခတ်ခဲ့လို့ နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့သည်။ [20]




18 ကျောက်တန်းမြို့ အရှေ့ပိုင်းရပ်ကွက်တွင် သားအဖနှစ်ဦး အသတ်ခံရhttps://tinyurl.com/yq5s742j

19 မြဝတီ-ဝေါလေလမ်းရှိ စစ်ကောင်စီတပ်စခန်းများ တိုက်ခိုက်ခံရ https://tinyurl.com/ysvqqj3m

20 မြဝတီမြို့၌ KBZ ဘဏ်ခွဲ မန်နေဂျာ ၁ ဦး ပစ်သတ်ခံရ https://tinyurl.com/yvwzzvcd

## နိုင်ငံတကာစာမျက်နှာ



ကုလသမဂ္ဂအရာရှိဟောင်းများနှင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံအတွက် အထူးအကြံပေးကောင်စီ (SAC-M) မှ ကုလသမဂ္ဂသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအရေးတွင် အရေးယူကိုင်တွယ် ဖြေရှင်းရမည့် တာဝန်ဝတ္တရားများ ပျက်ကွက်နေကြောင်း အောက်တိုဘာ ၃ ရက်က ထုတ်ပြန်ချက်တွင် ဝေဖန်ထားပါသည်။ ထို့ပြင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတားရက်စ်မှလည်း ကုလ၏ အကြီးအကဲတစ်ဦးအနေဖြင့် မြန်မာပြည်သူများအတွက် ၎င်း၏တာဝန်ရှိမှုကို ဥပေက္ခာပြုထားကြောင်း SAC-M က ထောက်ပြထားပါသည်။ [1]

အောက်တိုဘာ ၂ ရက်က ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် သတင်းထောက်များနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR- Myanmar)၏ အကြီးအကဲဖြစ်သူ ဂျိမ်းစ်ရိုဒီဟာဗာတို့ တွေ့ဆုံစဉ် မြန်မာ့စစ်ကောင်စီတပ်သည် အရပ်သားပြည်သူများကို ရန်သူသဖွယ် အင်အားသုံးတိုက်ခိုက်နေသည်မှာ သိသာထင်ရှားပြီး၊ စစ်ကောင်စီတပ်၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းနှင့်ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများကြောင့် ယခုကဲ့သို့ အရပ်သားများ သေဆုံးနေရသည်ဟု ပြောကြားခဲ့ပါသည်။ [2]

ဥရောပသမဂ္ဂနှင့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်တို့၏ ပူးပေါင်းစီစဉ်မှုနှင့် ဘယ်လ်ဂျီယံနိုင်ငံ၊ဘရပ်ဆဲလ်မြို့တွင် အောက်တိုဘာ ၃ ရက်မှစတင်၍ “Advancing Human Rights: Creating an Enabling Environment for CSOs at the Regional Level” ခေါင်းစဉ်ဖြင့် ဖိုရမ်တစ်ခု ပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါ ဖိုရမ်သို့ စစ်ကောင်စီတပ်၏ ကိုယ်စားလှယ်များကို ဖိတ်ကြားထားသည်ကို တွေ့ရှိရပါသည်။ ယင်းဖိတ်ကြားမှုနှင့် ပတ်သက်ပြီး ကျောင်းသားနှင့်ကလေးပါမကျန် သတ်ဖြတ်နေသည့် စစ်ကောင်စီကို လူမှုအဖွဲ့အစည်းဖိုရမ်သို့ တက်ရောက်ခွင့်ပြုခြင်းအပေါ် အံ့သြမိကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ NUG မှ သဘောထား ထုတ်ပြန်ထားပါသည်။ [3]

---

1 မြန်မာ့အရေး ကိုင်တွယ်ဖြေရှင်းဖို့ ကုလ ပျက်ကွက်နေတယ်လို့ SAC-M ဝေဖန် https://tinyurl.com/2xfxyptk

2 စစ်တပ်က အရပ်သားပြည်သူအပေါ် ရန်သူသဖွယ် အင်အားသုံး တိုက်ခိုက်နေဟု ကုလ ပြော https://tinyurl.com/2xdl5tuo

3 ကျောင်းသားနှင့် ကလေးပါမကျန် သတ်ဖြတ်နေသည့် စစ်ကောင်စီကို လူမှုအဖွဲ့အစည်းဖိုရမ်သို့ တက်ရောက်ခွင့် ပြုခြင်းအပေါ် အံ့သြကြောင်း NUG ထုတ်ပြန် https://tinyurl.com/yw4lhte6

“ကျောင်းသားနှင့် ကလေးပါမကျန် သတ်ဖြတ်နေသည့် စစ်ကောင်စီကို လူမှုအဖွဲ့အစည်း ဖိုရမ်သို့ တက်ရောက်ခွင့်ပြုခြင်း အပေါ် အံ့ဩမိကြောင်း”

အင်ဒိုနီးရှားအစိုးရပိုင် လက်နက်ထုတ်လုပ်ရေးကုမ္ပဏီ PT Pindad၊ ရေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ PT PAL နှင့် လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်း PTDI (PT Dirgantara Indonesia) တို့သည် ၂၀၂၁ ခုနှစ် စစ်ကောင်စီတပ်မှ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာစစ်ကောင်စီတပ်နှင့် စီးပွားရေးဆက်ဆံမှုများ ဆက်လက်လုပ်နေသည့် အထောက်အထားများ တွေ့ရှိရခြင်းကြောင့် စုံစမ်းစစ်ဆေးပေးရန် အင်ဒိုနီးရှား လူ့အခွင့်အရေးကော်မရှင်ထံတွင် တိုင်ကြားခံထားရပါသည်။ တိုင်ကြားသူများတွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေး မစ်ရှင်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော အင်ဒိုနီးရှား ရှေ့နေချုပ်ဟောင်း မာဇူကီဒါရုစ်မန်၊ လန်ဒန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ Myanmar Accountability Project (MAP) အဖွဲ့နှင့် ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) တို့ ဖြစ်ပြီး၊ ယခုကဲ့သို့ လုပ်ဆောင်နေခြင်းသည် အင်ဒိုနီးရှားအစိုးရ၏ နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု ဥပဒေများကို လေးစားလိုက်နာမှုအပေါ် သံသယဖြစ်စေကြောင်း တိုင်ကြားသူတစ်ဦးဖြစ်သော လူ့အခွင့်အရေး ရှေ့နေ မာဇူကီဒါရုစ်မန်က အောက်တိုဘာ ၁ ရက်က ထုတ်ပြန်ချက်တွင် ပြောကြားထားပါသည်။ [4]

အိန္ဒိယဗဟိုအစိုးရ၏ ပြည်ထဲရေးဌာနမှ မီဇိုရမ်ပြည်နယ်အတွင်း ခိုလှုံနေကြသော မြန်မာစစ်ဘေးရှောင်များနှင့် ဘင်္ဂလားဒေ့ရှ်မှ ခိုလှုံလာသူများအား ဖိအားပေး၍ ဇီဝမှတ်တမ်းများကို ကောက်ယူစေခဲ့ပါသည်။ သို့သော် မီဇိုရမ်အစိုးရ သတင်းနှင့်ပြည်သူ့ ဆက်ဆံရေးဝန်ကြီး ပူးလားရှပ်ကီးမားက မီဇိုရမ်ပြည်နယ်အတွင်းရှိ ခိုလှုံနေကြသော မြန်မာစစ်ဘေးရှောင်များ၏ ဇီဝမှတ်တမ်းများကောက်ယူနေမှုအား ပြုလုပ်တော့မည် မဟုတ်ကြောင်း စက်တင်ဘာလ ၂၇ရက်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင်ပြောဆိုထားပါသည်။ [5]

စက်တင်ဘာ ၃၀ ရက်တွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ လင်ချန်းခရိုင်တွင် ပြုလုပ်သော ကုန်စည်ပြပွဲသို့သွားတက်ကြသည့် ကိုးကန့်ဒေသ လောက်ကိုင်နှင့် ချင်းရွှေဟော် မြို့တို့မှ လုပ်ငန်းရှင် ၃၀ ဦး ခန့် အနက် ကိုးကန့်ဒေသမှ လုပ်ငန်းရှင် ၁၁ ဦး အား တရုတ်ရဲတပ်ဖွဲ့မှ အောက်တိုဘာ ၁ ရက်တွင် ဖမ်းဆီးခဲ့ကြောင်း သိရပါသည်။ ဖမ်းဆီးခံရသူများတွင် လောက်ကိုင်မြို့မှ အကြီးဆုံး စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သော ဖူလီကုမ္ပဏီ ဒါရိုက်တာနှင့် ကိုးကန့်ဒေသ အုပ်ချုပ်ရေးတာဝန်ရှိသူများလည်း ပါဝင်ခဲ့ပါသည်။ [6]

---

4 စစ်ကောင်စီကို လက်နက်ရောင်းတယ်ဆိုတဲ့ စွပ်စွဲချက် အင်ဒိုနီးရှားကုမ္ပဏီတချို့ တုံ့ပြန်
https://tinyurl.com/yvfed648

5 မြန်မာစစ်ဘေးရှောင်များ ဇီဝမှတ်တမ်းကောက်ယူမှု ရပ်ဆိုင်းကြောင်းကြေညာ
https://tinyurl.com/22q42ghn

6 တရုတ်နိုင်ငံ ကုန်စည်ပြပွဲသွားတဲ့ မြန်မာလုပ်ငန်းရှင် ၁၁ ဦး ဖမ်းဆီးခံရ
https://tinyurl.com/ypaadk58

## မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

Weekly News Review